# မြန်မာကလေးကဗျာသမိုင်း

## ပါရဂူ ( Ph.D ) ဘွဲ့အတွက် တင်သွင်းသောကျမ်း


မောင်မိုးဟိန်းဇော်

မြန်မာစာဌာန

ရန်ကုန်တက္ကသိုလ်



၂၀၀၇ ခုနှစ်၊ မေလ

## ကျမ်းအကျဉ်းချုပ်

ဤ **"မြန်မာကလေးကဗျာသမိုင်း"** ကျမ်းသည် ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန ပါရဂူဘွဲ့အတွက် တင်သွင်းသောကျမ်းဖြစ်သည်။ ကျမ်းပြုရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာစာပေသမိုင်းတွင် မြန်မာကလေးကဗျာများ ပေါ်ပေါက်လာပုံ၊ ဖွံ့ဖြိုးတိုးတက်လာပုံ၊ မျက်မှောက်ခေတ် မြန်မာကလေးကဗျာများ၏ အခြေအနေနှင့် ကလေးကဗျာများမှ ရရှိသော အကျိုးကျေးဇူးများကို လေ့လာဖော်ထုတ်တင်ပြရန်ဖြစ်သည်။ ဤကျမ်းတွင် ရှေးမြန်မာကလေးကဗျာများနှင့် ခေတ်သစ်မြန်မာကလေးကဗျာများကို ခွဲခြားလေ့လာထားပါသည်။ ခေတ်သစ်မြန်မာကလေးကဗျာများသည် မြန်မာစာပေတွင် ၁၉၃၁ ခုနှစ်မှ စတင်၍ ပေါ်ပေါက်လာခဲ့ပြီး ယနေ့ခေတ်တိုင်အောင် ဖွံ့ဖြိုးတိုးတက်လာပုံတို့ကို လေ့လာတင်ပြထားပါသည်။ ကလေးကဗျာများ ဖွံ့ဖြိုးတိုးတက်ရေးတွင် စာနယ်ဇင်းများသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ပြင် စာပေဗိမာန်မှကြီးမှူး၍ ပြုလုပ်ခဲ့သော ကလေးစာပေနှီးနှောဖလှယ်ပွဲများသည်လည်း ကလေးကဗျာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ကောင်းတစ်ခုဖြစ်သည်။ ကျောင်းသုံးစာအုပ်များတွင် ပညာသင်ကြားရေးအတွက်သာမက အသိအလိမ္မာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို သိရှိနိုင်စေရန် ရှေးမြန်မာ ကဗျာလင်္ကာများနှင့် ခေတ်သစ်မြန်မာကလေးကဗျာများကို ထည့်သွင်းပြဋ္ဌာန်းခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ခေတ်သစ်မြန်မာကလေးကဗျာများတွင် ရေးဖွဲ့သည့်အကြောင်းအရာနှင့် ကာရန်ဖွဲ့ပုံများကိုလည်း လေ့လာတင်ပြထားပါသည်။ ကလေးကဗျာများရေးဖွဲ့သည့် ကာရန်ပုံစံမှာ ရှေးကဗျာများရေးဖွဲ့သည့် ကာရန်ပုံစံကိုယူ၍ ရေးဖွဲ့မှုများကို တွေ့ရသကဲ့သို့ ကာရန်ပုံစံအသစ်များဖြင့် ရေးဖွဲ့လာသည့် ခေတ်သစ်ကလေးကဗျာများကိုလည်း လေ့လာတွေ့ရှိရသည်။ မျက်မှောက်ခေတ်တွင် မြန်မာကလေးကဗျာများသည် စာအုပ်စာနယ်ဇင်းများတွင် ပုံနှိပ်ဖော်ပြရုံသာမက တေးသီချင်းများအဖြစ်လည်း ဖန်တီးလာကြသည်ကို တွေ့ရှိရသည်။ ထို့ပြင် အရုပ်နှင့်အသံတွဲ၍ ကြည့်ရှုနိုင်သော လေဆာခေတ်ပြားများကို ထုတ်ဝေလာခြင်းသည် ကလေးများအတွက် ကလေးကဗျာကို ဖတ်ရှုရုံသာမက ကြည့်ရှုနားထောင်နိုင်သော အခြေအနေသို့ ပြောင်းလဲတိုးတက်လာခဲ့ပေသည်။ ခေတ်သစ်မြန်မာကလေးကဗျာခေတ်ဦးမှစ၍ ကလေးကဗျာများရေးဖွဲ့သူအချို့သည် ကလေးကဗျာများကို အစဉ်တစိုက် ရေးဖွဲ့လာခဲ့ကြသည်ကို တွေ့ရှိရသည်။ ကလေးများ ရေးဖွဲ့သည့် ကလေးကဗျာများသည်လည်း မြန်မာကလေးကဗျာသမိုင်းတစ်လျှောက်တွင် ထူးခြားစွာ ပါဝင်လျက်ရှိသည်။ ဤမြန်မာကလေးကဗျာသမိုင်းကျမ်းသည် မြန်မာစာပေသမိုင်းတွင် မြန်မာကလေးကဗျာများ၏ အရေးပါမှုအခန်းကဏ္ဍကို လေ့လာနိုင်သကဲ့သို့ ကလေးကဗျာများ ပေါ်ပေါက်လာပုံနှင့် ဖွံ့ဖြိုးတိုးတက်လာပုံတို့ကိုလည်း သိရှိနိုင်ပေသည်။ ကလေးကဗျာများမှတစ်ဆင့် ကလေးငယ်များအတွက် နိုင်ငံချစ်စိတ်၊ ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို မြတ်နိုးတန်ဖိုးထားလိုသောစိတ်များ ရရှိနိုင်ကြောင်းကို ကလေးကဗျာများ၏ အကြောင်းအရာပိုင်း လေ့လာမှုများတွင် လေ့လာတင်ပြထားပါသည်။ ထို့ကြောင့် ဤကျမ်းသည် မြန်မာစာပေတွင် ကလေးကဗျာ၏ အခန်းကဏ္ဍနှင့် ကလေးကဗျာများ၏ အကျိုးကျေးဇူးကို လေ့လာဖော်ထုတ်တင်ပြထားပါသည်။ မြန်မာစာပေတွင် မြန်မာကလေးကဗျာများနှင့် ပတ်သက်၍ ဤကျမ်းသည် တစ်ထောင့်တစ်နေရာမှ အထောက်အပံ့ပြုမည့်အကျိုးကျေးဇူးကို ရရှိနိုင်ပေသည်။